# "အသိပေးကြေညာချက်"

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

၁။ "သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်း မရှိစေရ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် သက်ဆိုင်ရာဌာနများ၏ သွင်းကုန်လိုင်စင်/ပါမစ်/ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာချက်ကို ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၊ ရက်စွဲပါ သတင်းလွှာ ၆/၂၀၂၂ ဖြင့် အသိပေးထားရှိပြီးလည်း ဖြစ်ပါသည်။

၃။ ကုန်စည် ၁၄ မျိုးကို သွင်းကုန်လိုင်စင် ကြိုတင်လျှောက်ထားပြီး လိုင်စင်မရမီ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအတိုင်း အကောက်ခွန်သိုလှောင်ရုံတွင် ထည့်သွင်းသိုလှောင်နိုင်ကြောင်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့၊ ရက်စွဲပါ ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၁၆/၂၀၂၃ ဖြင့် အသိပေးထားပါသည်။

၄။ သို့ဖြစ်ပါ၍ အပိုဒ် (၃)ပါကုန်စည်များအား အကောက်ခွန်သိုလှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ရှိသော်လည်း ခွင့်ပြုချက်မရရှိသေးသည့်ကုန်စည်များအား သွင်းကုန်လိုင်စင်/ပါမစ်မရရှိဘဲ ကြိုတင်တင်သွင်းခြင်းမပြုရန်နှင့် အသိပေးကြေညာချက်များအား လိုက်နာမှုမရှိပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန